M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

ဒေသတွင်းအခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး (Community Infrastructure Development)

- နံ့သာပုကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသော ငွေကျပ် (၁,၆၅၈,၈၅၀) တန်ဖိုးရှိ စာသင်ခန်း ကွန်ကရစ်ကြမ်းခင်းပြုပြင်ခြင်း၊ နံရံဆေးသုတ်ခြင်းနှင့် (၈’ x ၄’) White-board (၅) ချပ်ကို ပံ့ပိုးလှူဒါန်းခြင်း

- ကြွေချိုင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသော ငွေကျပ် (၅၇၄,၆၅၀) တန်ဖိုးရှိ လက်ဆေးအုတ်ကန်ကို ပံ့ပိုးလှူဒါန်းခြင်း

- ဧရတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ငွေကျပ် (၅၂၀,၀၀၀) တန်ဖိုးရှိ 1,000 Liter စတီးသောက်ရေတိုင်ကီတစ်လုံးကို ပံ့ပိုးလှူဒါန်းခြင်း

- နံ့သာပုကျေးရွာအုပ်စု အောင်ရတနာကျောင်းတိုက် သာသနာ့ဗိမာန် ကွန်ကရစ်လျှောက်လမ်း တံတားဆောက်လုပ်ရန်အတွက် ငွေကျပ် (၁,၀၀၀,၀၀၀) လှူဒါန်းခြင်း

CSR လုပ်ငန်းဆောင်ရွက်ချက်များ အစီရင်ခံတင်ပြခြင်း (Communicating CSR)

- ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ဧရတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ အသိပေးဖော်ပြခြင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များကို ဧရတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စု နှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ဖြန့်ဝေခြင်း

- CSR လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံကိန်းတိုးတက်မှု အစီရင်ခံစာကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သို့ သုံးလတစ်ကြိမ် ပေးပို့တင်ပြခြင်း

- CSR လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံကိန်းနှင့်ဆက်နွယ်သော လုပ်ငန်းတိုးတက်မှုအခြေအနေများကို ကုမ္ပဏီ၏ဆက်သွယ်ပြန်ကြားရေးစာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်း

သက်ဆိုင်ရာလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ အသိပေးတင်ပြခြင်း (Stakeholder Engagement)

- တွေ့ဆုံဆွေးနွေးမှုအကြိမ်ပေါင်း – ၃၃ ကြိမ်
- တွေ့ဆုံဆွေးနွေးခဲ့သူပေါင်း – ၄၉ ဦး
- တွေ့ဆုံဆွေးနွေးမှုကြာချိန်ပေါင်း – ၃၉ နာရီ

ဒေသခံများဦးစီးဆောင်ရွက်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ် (Community-led Waste Management Program)

- ဂေါ်ရန်ကျွီပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တက်ကြွလှုပ်ရှားသော အမှိုက်ကောက်သူရဲကောင်းအဖွဲ့ Trash Hero Gaw Yan Gyi ၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် နံ့သာပုကျေးရွာလူထုနှင့် ပူးပေါင်းပံ့ပိုးခြင်း

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism – OGM)

- ၂၀၁၇ ခုနှစ်မှ ယနေ့အထိပေးပို့လာသော အကြံပြုစာပေါင်း – ၇ စောင်

- အကြံပြုချက်များအရ ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် ရာနှုန်းပြည့် ကျေနပ်လက်ခံခြင်း

M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ကုမ္ပဏီသည် မိမိတို့လုပ်ငန်းတည်ရှိရာ စီမံကိန်းနယ်မြေဝန်းကျင်ရှိ ဒေသခံများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားစေရန်နှင့် ဒေသအတွက်အမှန်တကယ်လိုအပ်လျက်ရှိသော အခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ နံ့သာပုကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသော ငွေကျပ် (၁,၆၅၈,၈၅၀) တန်ဖိုးရှိ စာသင်ခန်းကွန်ကရစ်ကြမ်းခင်းပြုပြင်ခြင်း၊ နံရံဆေးသုတ်ခြင်းနှင့် (၈' x ၄') Whiteboard (၅) ချပ်ကို လှူဒါန်းခြင်း၊ ကြွေချိုင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသော ငွေကျပ် (၅၇၄,၆၅၀) တန်ဖိုးရှိ လက်ဆေးအုတ်ကန်ကို လှူဒါန်းခြင်းနှင့် ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ငွေကျပ် (၅၂၀,၀၀၀) တန်ဖိုးရှိ 1,000 Liter စတီးသောက်ရေတိုင်ကီတစ်လုံးကို လှူဒါန်းခြင်းတို့ကို CSR အစီအစဉ်ဖြင့် ကူညီပံ့ပိုးခဲ့ပါသည်။ ထို့အပြင် နံ့သာပုကျေးရွာအုပ်စု အောင်ရတနာကျောင်းတိုက် သာသနာ့ဗိမာန် ကွန်ကရစ်လျှောက်လမ်း၊ တံတားဆောက်လုပ်ရန်အတွက်လည်း ငွေကျပ် (၁,၀၀၀,၀၀၀) ထည့်ဝင်လှူဒါန်းခဲ့ပါသည်။

နံ့သာပုကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသော စာသင်ခန်းကွန်ကရစ်ကြမ်းခင်းပြုပြင်ခြင်း၊ နံရံဆေးသုတ်ခြင်းနှင့် (၈' x ၄') Whiteboard (၅) ချပ် ပံ့ပိုးလှူဒါန်းခြင်း



ကြွေချိုင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသော လက်ဆေးအုတ်ကန် ပံ့ပိုးလှူဒါန်းခြင်း

M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော 1,000 Liter စတီးသောက်ရေတိုင်ကီတစ်လုံး ပံ့ပိုးလှူဒါန်းခြင်း

အခြေခံပညာအထက်တန်းကျောင်း
ငရုတ်ကောင်းမြို့

ဂုဏ်ပြုမှတ်တမ်းလွှာ

ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ရေသန့်စက်အတွက် 1000 Litre စတီးသောက်ရေပုံး (တန်ဖိုးငွေ ၅၂၀၀၀၀ိ/-)အားလှူဒါန်းပေးပါသော Myint & Associates Offshore Supply Base Ltd. အား အထူးကျေးဇူးတင်ရှိပါကြောင်း ဤဂုဏ်ပြုမှတ်တမ်းလွှာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ကျောင်းအုပ်ကြီး
အခြေခံပညာအထက်တန်းကျောင်း
ငရုတ်ကောင်းမြို့

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်

နံ့သာပုကျေးရွာအုပ်စု အောင်ရတနာကျောင်းတိုက် သာသနာ့ဗိမာန် ကွန်ကရစ်လျှောက်လမ်းတံတား ဆောက်လုပ်ရန်အတွက် ပံ့ပိုးလှူဒါန်းခြင်း



အောင်ရတနာကျောင်းတိုက်
(တောင်ပေါ်ကျောင်း)

ဂုဏ်ပြုမှတ်တမ်းလွှာ

ပုသိမ်မြို့နယ်၊ ငရုတ်ကောင်းမြို့ နံ့သာပုကျေးရွာအုပ်စု အောင်ရတနာကျောင်းတိုက်(တောင်ပေါ်ကျောင်း) သာသနာ့ဗိမာန် ကွန်ကရစ် လျှောက်လမ်း တံတားဆောက်လုပ်ရန်အတွက် ငွေကျပ် (၁၀၀၀၀၀၀)၊ (စာဖြင့် ကျပ်တစ်ဆယ်သိန်းတိတိ)ကို လှူဒါန်းပေးပါသော Myint & Associates Offshore Supply Base Ltd. အား အထူးကျေးဇူးတင်ရှိပါကြောင်း ဤဂုဏ်ပြုမှတ်တမ်းလွှာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဆရာတော်
အောင်ရတနာကျောင်းတိုက်
(တောင်ပေါ်ကျောင်း)
နံ့သာပုကျေးရွာအုပ်စု

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၂၉)ရက်

M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

၂၀၂၂ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ရေတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ အသိပေးဖော်ပြခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များကို ရေတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၅) ရက်၊ (၆) ရက်နှင့် (၇) ရက်နေ့များတွင် ဖြန့်ဝေခဲ့ပါသည်။

M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB CSR အစီအစဉ်သည် ဂေါ်ရန်ကျီပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တက်ကြွလှုပ်ရှားသော အမှိုက်ကောက်သူရဲကောင်းအဖွဲ့ Trash Hero Gaw Yan Gyi ၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုတွင် နံ့သာပုကျေးရွာလူထုနှင့်ပူးပေါင်း၍ လိုအပ်သည့်ကူညီမှုများ ပံ့ပိုးခဲ့ပါသည်။ ယခုသီတင်းသုံးပတ်ကာလအတွင်း Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့သည် နံ့သာပုကျေးရွာအုပ်စု၏ ဇင်ယော်ချောင်နှင့် အလယ်ကုန်းရပ်ကွက် လမ်းမကြီးတစ်လျှောက်၌ ပြုလုပ်ခဲ့သော စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် အမှိုက်ကောက်သူရဲကောင်း လူကြီး (၅) ဦး၊ ကလေး (၂၃) ဦးနှင့် စုစုပေါင်းသူရဲကောင်း (၂၈) ဦး ပါဝင်အမှိုက်ကောက်ခဲ့ကြပြီး အမှိုက်ကီလိုပေါင်း (၉၀) ကီလိုကို ကောက်ယူသိမ်းဆည်းနိုင်ခဲ့ပါသည်။